ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

## ကရင်နီပြည် ကြားကာလ

# လူသားချင်းစာနာထောက်ထားမှုမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ မေလ (၃၁) ရက် နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

ကရင်နီပြည့် ကြားကာလ

# လူသားချင်းစာနာထောက်ထားမှု မူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

# မာတိကာ

**နိဒါန်း** ........................................ ၁

**မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်** ........................................ ၄

မျှော်မှန်းချက် ........................................ ၄

ရည်မှန်းချက် ........................................ ၄

ရည်ရွယ်ချက်များ ........................................ ၅

အဓိပ္ပာယ်ဖွင့်ဆိုချက်များ ........................................ ၆

**အခြေခံမူများ** ........................................ ၉

လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအခြေခံမူ ........................................ ၉

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ........................................ ၉

ကြိုတင်ကာကွယ်တားဆီးခြင်း ........................................ ၁၀

စွမ်းဆောင်ရည်မြှင့်တင်ခြင်း ........................................ ၁၀

ပူးပေါင်းဆောင်ရွက်မှု ........................................ ၁၀

အားလုံးပါဝင်မှုနှင့် ဂျန်ဒါတန်းတူမှု ........................................ ၁၀

**လမ်းညွှန်မူဝါဒများ** ........................................ ၁၁

ဘေးအန္တရာယ်ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း ........................................ ၁၁

ကြိုတင်သတိပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း ........................................ ၁၂

တားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်း ........................................ ၁၂

တုံ့ပြန်မှုနှင့် ကူညီကယ်ဆယ်ခြင်း ........................................ ၁၃

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ........................................ ၁၄

အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း ........................................ ၁၅

ပြည်နယ်ပြင်ပနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ........................................ ၁၆

သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့်လုံခြုံမှု ........................................ ၁၆

ထွက်ခွာဗျူဟာ ........................................ ၁၇

**ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ** ........................................ ၁၇

**အထွေထွေပြဋ္ဌာန်းချက်** ........................................ ၁၈

**နိဂုံး** ........................................ ၂၀

# နိဒါန်း

ကရင်နီပြည်သည် ဘီစီ ၇၃၅ ခုနှစ်မှစတင်၍ ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်လာခဲ့သည့် သီးခြားလွတ်လပ်သောပြည်နယ်တစ်ခုဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဗြိတိသျှအစိုးရထံမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည့်အချိန်မှစပြီး ကရင်နီပြည်သည် မြန်မာနိုင်ငံ၏ပြည်နယ်တစ်ခုအနေဖြင့် မတရားကျူးကျော်မှုခံခဲ့ရသည်။ ထိုအချိန်မှ၍ ကရင်နီပြည်သည် အခြားတိုင်းရင်းသားများနည်းတူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် တန်းတူညီမျှရေးကိုရှေးရှုပြီး ခုခံတော်လှန်ခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ တိုင်းပြည်အာဏာကို မတရားသိမ်းယူပြီး ကရင်နီပြည်အပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် စစ်တပ်အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြပွဲများမှတဆင့် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲလာခဲ့ကြသည်။

အာဏာသိမ်းမှု၏အကျိုးဆက်အနေဖြင့် စစ်ကောင်စီသည် အရပ်သားပြည်သူများအား မတရားဖမ်းဆီးထောင်ချခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် နေအိမ်များမီးရှို့ ဖျက်ဆီးခြင်း စသည့်ဥပဒေမဲ့လုပ်ရပ်များကြောင့် ပြည်သူများသည် နေရပ်ဒေသများစွန့်ခွာ နည်းလမ်း အမျိုးမျိုးဖြင့် စစ်ဘေးရှောင်ဘဝကို ခက်ခက်ခဲခဲရှင်သန်ရုန်းကန်နေထိုင်ကြရသည်။ ကရင်နီပြည်သူ များသည်လည်း အိုးအိမ်များစွန့်လွှတ်ကာ တောတွင်း၌ပုန်းခိုတိမ်းရှောင်ရခြင်း၊ နီးစပ်ရာနယ်စပ် ဒေသများသို့သွားရောက်ခိုလှုံရခြင်း၊ အခြားသောတိုင်းရင်းသားပြည်နယ်၊ တိုင်းဒေသကြီးများသို့ လည်းကောင်း၊ ထိုင်း-ကရင်နီနယ်စပ်သို့လည်းကောင်း အမျိုးမျိုးထွက်ပြေးတိမ်းရှောင်နေကြရသည်။

ထို့အပြင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ပွားသော ယာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ပြည်တွင်းဌာနေလက်လွတ်သူများ ( Internally Displaced People - IDP) အပါအဝင် ကရင်နီပြည် သူများသည် သဘာဝဘေးဒဏ်ကို ထပ်ဆင့်ကြုံတွေ့ခံစားခဲ့ရသည်။ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၏ ထုတ်ပြန်ချက်အရ ယာဂီတိုင်ဖွန်းမုန်တိုင်း ကြောင့် ကရင်နီပြည်နေရာအနှံ့တွင် ယခင်ကမကြုံဖူးသော ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့သည်။ ၎င်းမုန်တိုင်းကြောင့် လမ်းတံတားများ၊ အိုးအိမ်များနှင့် ယာယီနေထိုင်ရာတဲများ ၁၉၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး စပါးနှင့်စိုက်ပျိုးသီးနှံ စိုက်ခင်းများ ဧက ၁၀၀၀၀ ကျော် ရေလွှမ်းခဲ့ရသည့်အပြင် မလိုလားအပ်သည့် အသက်ဆုံးရှုံးခြင်းများ လည်း ပြည်တွင်းဌာနေလက်လွတ်သူများမှ ပြင်းထန်စွာခံစားခဲ့ရသည်။[1]

[1] *ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက် ကြေညာချက်အမှတ် (၃/၂၀၂၄)*

စစ်ဘေးပဋိပက္ခနှင့် သဘာဝကပ်ဘေးများကြောင့် ကရင်နီပြည်ရှိ စစ်ဘေးရှောင်ပြည်သူများ ခိုလှုံရာအမိုးအကာများနှင့် အစားအစာလုံလောက်မှုမရှိခြင်း၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိမှုနည်းပါးခြင်း၊ အလုပ်အကိုင်များရှားပါးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအခွင့်အလမ်းများမရှိခြင်း စသောအခြေခံရပိုင်ခွင့်များ ဆုံးရှုံးကြရသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များသည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများစွာလည်း နေ့စဉ်နှင့်အမျှခံစားနေရသည်။

ဤမူဝါဒသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုကို အခြေခံထားသည်။ စစ်အာဏာရှင်စနစ်သည် အကြမ်းဖက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းများ၏ အရင်းခံဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခုခံတွန်းလှန်မှုသည် စစ်အာဏာရှင်မှုနှစ်ရှည်လများ ဖိနှိပ်ခဲ့သောစနစ်များကို ဖျက်သိမ်းရေးသို့ ဦးတည်လုပ်ဆောင်ရန်အတွက် လူထုကိုအခြေပြုသော ရေပြင်ညီချိတ်ဆက်မှုများဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းတစ်ရပ်ကို တည်ဆောက်နိုင်ရန်နှင့် ကရင်နီပြည်၏နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရန် ရည်ရွယ်ပြီး ကရင်နီပြည်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ခြင်းအတွက် လမ်းညွှန်မူဝါဒတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကရင်နီပြည်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအပါအဝင် အလျှုရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသအတွင်းရှိအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများ၊ လူထုနှင့်ချိတ်ဆက်ဆောင်ရွက်နေသည့် မည်သည့် အဖွဲ့အစည်းမဆို ဤမူဝါဒလမ်းညွှန်အတိုင်း စနစ်တကျလိုက်နာပူးပေါင်းဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် ကရင်နီပြည်အတွင်း လူလုပ်ကပ်ဘေးများနှင့် သဘာဝကပ်ဘေးအမျိုးမျိုး စီမံခန့်ခွဲတုံ့ပြန်ရာတွင် ကြိုတင်ကာကွယ်နိုင်ရန်၊ ဆိုးကျိုးများလျှော့ချနိုင်ရန်၊ ထိခိုက်ခံစားရသော လူထုများမှ လူသားချင်းစာနာထောက်ထားမှုအကူအညီကို မျှမျှတတရရှိရန်၊ လူ့ဂုဏ်သိက္ခာနှင့်အညီပြန် လည်ထူထောင်နိုင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန်နှင့် အကူအညီပေးနေသည့် အဖွဲ့အစည်းများမှ ပိုမိုထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန်ရည်ရွယ်ပြီး လက်ရှိကရင်နီပြည်၏ နိုင်ငံရေး၊ စစ်ရေး အခြေအနေများ၊ လူထု၏လိုအပ်ချက်များအပေါ်ထင်ဟပ်စေမည့် အကြောင်းအရာများနှင့် ကုလသမဂ္ဂ၏နေရပ်စွန့်ခွာမှု ဆိုင်ရာညွှန်းတမ်း (UNGPID) မှ ချမှတ်ထားသည့် စံနှုန်းများအပေါ် အခြေခံ၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ လူမှုအသင်းအဖွဲ့များ၊ လူငယ်နှင့်အမျိုးသမီး

အဖွဲ့အစည်းများမှ အကြိမ်ပေါင်း (၇) ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးတိုင်ပင်ပြီး မူဝါဒမူကြမ်းကို ရေးဆွဲခဲ့ကြသည်။

ထို့နောက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၊ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းအသီးသီးနှင့်အတူ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကိုရယူပြီး မူဝါဒမူကြမ်းကို အချောသပ်နိုင်ရန်အတွက် ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့သည်။ အချောသပ်ပြီးစီးသည့် မူဝါဒမူကြမ်းကို ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၊ လူငယ်နှင့်အမျိုးသမီးအစုအဖွဲ့များ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် လူထုများနှင့်အတူ (၃) ကြိမ်ဆွေးနွေးတိုင်ပင်ပြီး အကြံပြုချက်များရယူခဲ့သည်။ ထို့နောက် မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီမှ ၂၀၂၅ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့တင်သွင်းပြီး၊ ကရင်နီပြည် အတိုင်ပင်ခံကောင်စီမှ (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မဏ္ဍိုင်များနှင့်သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးမှ စတင်ကျင့်သုံးနိုင်ရန် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

# အခန်း (၁)

# မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်

## မျှော်မှန်းချက်

၁။ သဘာဝကပ်ဘေး၊ လူလုပ်ကပ်ဘေးနှင့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ခံစားရသော ပြည်သူတစ်ဦးချင်းစီ သို့မဟုတ် ပြည်သူလူထုများ၏ အသက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်ရေး နှင့် တိုးတက်ရှင်သန်ရေးတို့အတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများရရှိပြီး ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်၍ ရေရှည်တည်တံ့သည့် လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်ရန်။

## ရည်မှန်းချက်

၂။ ဤကရင်နီပြည် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးမူဝါဒ၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသနေပြည်သူများအား ရှေ့တန်းတင် ဗဟိုပြု၍-

(၁) သဘာဝကပ်ဘေး၊ လူလုပ်ကပ်ဘေးအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးတို့၏ သက်ရောက်မှုများကို ကြိုတင်ကာကွယ် တားဆီးလျှော့ချရန်၊

(၂) ထိုကပ်ဘေးအမျိုးမျိုးများကြောင့် ထိခိုက်ခံစားရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များကို အချိန်မီထိရောက်စွာနှင့် အမှန်တကယ် လိုအပ်သူများထံသို့ မျှတစွာ ဖြန့်ဝေပေးပို့နိုင်ရန်၊

(၃) သက်ဆိုင်သူအစုအဖွဲ့များအကြား လိုက်လျောညီထွေမှုရှိသောပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ အားကောင်းစေရန်၊

(၄) နေရပ်ပြန်လိုသူများအတွက် ဂုဏ်သိက္ခာရှိသောနေရပ်ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပံ့ပိုးပေးမှုများ လုပ်ဆောင်နိုင်ရန်နှင့် လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများကို ဦးစားပေး၍ ဝန်ဆောင်မှုများပေးနိုင်ရန်။

(ခ) လူသားခြင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ လုံခြုံဘေးကင်းရေးကို ဗဟိုပြုရန်။

၃။ ဤမူဝါဒသည် ကရင်နီပြည်၏နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ကိုက်ညီမှုရှိစေရန်။

## ရည်ရွယ်ချက်များ

၄။ ပြည်တွင်းဌာနေလက်လွတ်သူများ၏ အရေးပေါ်အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အခြေခံလူသားချင်း စာနာမှုအကူအညီများကို အချိန်မီထိရောက်စွာ အထောက်အပံ့ပေးနိုင်ရန် အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးရန်။

၅။ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်တွင်းဌာနေလက်လွတ်သူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ရန်နှင့် ပြန်လည်ကုစားမှုအတွက် ဘက်စုံလွှမ်းခြုံမှုရှိသော လူမှုအထောက်အကူပြုဝန်ဆောင်မှုများပံ့ပိုးရန်။

၆။ စဉ်ဆက်မပျက် ပညာသင်ကြားခွင့်ရရှိရေးအတွက် ပညာရေးဌာနနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန်။

၇။ ပြည်တွင်းဌာနေလက်လွတ်သူများ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းရည်အားကောင်းရေး (Sustainable Empowerment)နှင့် အသက်မွေးဝမ်းကြောင်းအစီအစဉ်များကို ပံ့ပိုးပေးရန်။

၈။ အရင်းအမြစ်ခွဲဝေသုံးစွဲမှုနှင့် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်မှု၊ သာတူညီမျှမှုနှင့် တာဝန်ခံမှုရှိစေရန်အတွက် ဒေသရှိပြည်သူများ၏ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများကိုအသုံးချပြီး ဒေသန္တရနှင့်နိုင်ငံတကာအဖွဲ့အစည်းများအကြား အပြန်အလှန်လေးစားမှုရှိသော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်။

၉။ လိုအပ်ချက်ဆန်းစစ်မှုနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ရပ်ရွာလူထု၏ အကြံပြုချက်များကို ရယူခြင်းဖြင့် ထိခိုက်လွယ်အုပ်စု၊ လူနည်းစုနှင့် ဖယ်ကျဉ် ခံအုပ်စုများအတွက် တရားမျှတမှုနှင့် သာတူညီမျှမှုရှိသော လူသားချင်းစာနာမှုအကူအညီပေးရေး ဖြစ်စေရန်။

၁၀။ ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ကြုံတွေ့နိုင်သည့် အခက်အခဲများကို စီမံဖြေရှင်းနိုင်စေရန်၊ လိုအပ်သောအရင်းအမြစ်များနှင့် ရေရှည်ပြန်လည်ထူထောင်ရေးအစီအစဉ်များကို စီမံဖြေရှင်းနိုင်ရန်အတွက် လိုအပ်သောစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်များကို ကရင်နီပြည်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများအား ပံ့ပိုးပေးရန်။

၁၁။ ဝင်ငွေဖန်တီးမှုအစီအစဉ်များ ပံ့ပိုးပေးမှုမှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် အခြေခံလိုအပ်ချက်များကို ရေရှည်ဖြေရှင်းဆောင်ရွက်နိုင်ရန်တည်ဆောက်ထား ခြင်းဖြင့် ကရင်နီပြည်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ရင်ဆိုင်အံတုနိုင်စွမ်း တည်ဆောက်ရေး ဖြစ်စဉ်များကို အထောက်အကူပြုစေရန်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၂။ **ပြည်တွင်း၌နေလက်လွတ်သူများ (Internally Displaced Persons-IDP**)” ဆိုသည်မှာ အောက်ပါအချက်နှင့်ကိုက်ညီသည့် လူပုဂ္ဂိုလ်အားလုံးကို ရည်ညွှန်းသည်-

(က) သဘာဝကပ်ဘေးများနှင့် လူလုပ်ကပ်ဘေးများအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုး ကြောင့် ၎င်းတို့၏ မူလနေရပ်များမှတိမ်းရှောင် ပြောင်းရွှေ့နေထိုင်ရသူများ။

(ခ) လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် စစ်ပွဲအတွင်း လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်း တိုက်ခိုက်မှု၊ မတရားဖမ်းဆီးခေါ်ဆောင်မှုနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက် မှုများကြုံတွေ့ရသောကြောင့်ဖြစ်စေ၊ ထို့သို့ကြုံတွေ့နိုင်သည့် ခြိမ်းခြောက်မှုရှိသော ကြောင့်ဖြစ်စေ၊ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရသူများ။

(ဂ) နေအိမ်များနှင့်ကျေးရွာများအား ရည်ရွယ်ချက်ရှိရှိမီးရှို့ခြင်း၊ ဖျက်ဆီးခြင်းခံခဲ့ရပြီး နောက် အိုးအိမ်မဲ့ဖြစ်ကာ ထွက်ပြေးတိမ်းရှောင်ရသူများ။

(ဃ) အန္တရာယ်နှင့် ခြိမ်းခြောက်မှုများအချိန်မရွေးကျရောက်နိုင်သောကြောင့် ယာယီလုံခြုံမှု ရရှိနိုင်ရန် မူလနေရပ်မှ ယာယီထွက်ပြေးတိမ်းရှောင်ရသူများ။

(င) လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် မလုံခြုံမှုများ သို့မဟုတ် သဘာဝကပ်ဘေးများကြောင့် တစ်ကြိမ်မက ထွက်ပြေးတိမ်းရှောင်ကာ အကြိမ်ကြိမ် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများ။

(စ) နေအိမ်နှင့်မြေယာများ အပြီးတိုင်ဆုံးရှုံးခဲ့ရသောကြောင့် ပဋိပက္ခများ၊ ကပ်ဘေးဒုက္ခ များ လွန်မြောက်သွားသည့်တိုင် ၎င်းတို့၏မူလနေရပ်သို့ ပြန်မသွားနိုင်သေးသူများ။

(ဆ) နိုင်ငံတကာနယ်နိမိတ်ဖြတ်ကျော်ပြီးသည့် ဒုက္ခသည်များနှင့်မတူပဲ နယ်နိမိတ်သတ် မှတ်ချက်အရ ၎င်းတို့၏ မူလတိုင်းပြည်အတွင်း၌သာ ဆက်ရှိနေသူများ။

(ဇ) အန္တရာယ်ကျရောက်နိုင်ခြေကြောင့် မိမိဆန္ဒမပါပဲ ၎င်းတို့၏မူလနေထိုင်ရာနေအိမ် သို့မဟုတ် မူလနေရပ်မှ မဖြစ်မနေပြောင်းရွှေ့ခံရသူများ သို့မဟုတ် အန္တရာယ်များမှ ကြိုတင်ရှောင်ရှားနိုင်ရန် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရသူများ။

(ဈ) နိုင်ငံရေးခံယူချက်ကြောင့် အသက်အန္တရာယ်ကြုံရ၍ ဘေးကင်းလုံခြုံရာတွင် ခိုလှုံနေရသူများ။

၁၃။ **လူသားချင်းစာနာမှုအကူအညီ** ဆိုသည်မှာ သဘာဝကပ်ဘေး၊ လူလုပ်ကပ်ဘေးများနှင့် ဘေးအန္တရာယ်အမျိုးမျိုးအပါအဝင် ရှုပ်ထွေးသောအရေးပေါ်အခြေအနေများကြောင့် ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ်များနှင့် လူမှုအသိုင်းအဝိုင်းများထံသို့ အကူအညီနှင့် အထောက်အပံ့များပေးရန် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို ဆိုလိုသည်။ ထိုသို့ကူညီဆောင်ရွက်ရာတွင် လူသားဆန်မှု၊ ဘက်မလိုက်မှု၊ တစ်စည်းတစ်လုံးတည်းဖြစ်မှု၊ သာတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တရားမျှတမှု စသည့်မူများကိုအခြေခံ၍ ဘေးအန္တရာယ်ကို ဖော်ထုတ်ခြင်း၊ လိုအပ်ချက်စစ်တမ်းများကောက်ယူခြင်း၊ ကြိုတင်သတိပေးခြင်း၊ စောင့်ကြည့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ် အခြေအနေကို ကူညီကယ်ဆယ်ခြင်း၊ အကာအကွယ်ပေးခြင်း၊ လူ့အခွင့်အရေးများရရှိခြင်း၊ နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြည်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့လည်း အကျုံးဝင်သည်။

၁၄။ **ဘေးအန္တရာယ်အမျိုးအစားများ** ဟုဆိုရာတွင် သဘာဝကပ်ဘေး၊ လူလုပ်ကပ်ဘေးများနှင့် ဘေးအန္တရာယ် အမျိုးမျိုးကိုဆိုလိုသည်။ ကရင်နီပြည်တွင် ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး (၃) မျိုးခွဲခြမ်းလေ့လာ နိုင်သည်-

(က) စစ်ပွဲများ၊ ပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များ၊

(ခ) သဘာဝအခြေအနေများနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များ၊

(ဂ) ကြီးမားသည့်ရင်နှီးမြှပ်နှံမှုနှင့် စီမံကိန်း၊ စီမံချက်များကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များ။

၁၅။ **သဘာဝကပ်ဘေး** ဟုဆိုရာတွင် သဘာဝအလျောက်ဖြစ်ပေါ်သော ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် ငလျင်လှုပ်ခြင်းများအပြင် သဘာဝဖြစ်ရပ်များကြောင့် လူသားထုတစ်ရပ်လုံးအပါအဝင်၊ သားရဲတိရစ္ဆာန်များ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ လူနေအဆောက်အအုံများကို ထိခိုက်၊ ပျက်စီး၊ သေဆုံးစေသော ဖြစ်ရပ်များကို ဆိုလိုသည်။

၁၆။ **လူလုပ်ကပ်ဘေး** ဟုဆိုရာတွင် လူသားတို့၏လုပ်ရပ်များကြောင့် လူသားထုတစ်ရပ်လုံးအပါအဝင်၊ သားရဲတိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင် နှင့်ဂေဟစနစ်များ၊ လူနေအဆောက်အအုံများကို ထိခိုက်၊ ပျက်စီး၊ သေဆုံးစေသော ဖြစ်ရပ်များကိုဆိုလိုသည်။

၁၇။ **ဖယ်ကျဉ်ခံအုပ်စုများ** ဟုဆိုရာတွင် နိုင်ငံရေးခံယူချက်၊ လူမျိုးရေးခံယူချက်၊ စီးပွားရေး အခြေအနေ၊ ကျန်းမာရေးအခြေအနေနှင့် ကျား/မ ဖြစ်တည်မှု စသည့်အကြောင်း အမျိုးမျိုးကြောင့် ပူးပေါင်းပါဝင်မှုများတွင် ကန့်သတ်ချန်လှပ်ထားခြင်းခံရသော ပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများကိုဆိုလိုသည်။

၁၈။ **ထိခိုက်လွယ်အုပ်စု** ဟုဆိုရာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါခံစားရသူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဆိုလိုသည်။

၁၉။ **အရေးပေါ်အခြေအနေ** ဟုဆိုရာတွင် မမျှော်လင့်သော ကပ်ဘေးအမျိုးမျိုးကြောင့် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေ၊ အသက်အိုးအိမ်စည်းစိမ်များ၊ သားရဲတိရစ္ဆာန်များ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိခိုက်၊ ပျက်စီး၊ သေဆုံးစေခြင်းများမှ ကာကွယ်ပေးရန် သို့မဟုတ် ထိခိုက်၊ ပျက်စီး၊ သေဆုံးခြင်းများမှ ချက်ခြင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်နေသော အခြေအနေကိုဆိုလိုသည်။

၂၀။ **LGBTQI+** ဟုဆိုရာတွင် လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှု၊ လိင်အသွင်အပြင်ဖော်ပြမှုနှင့် လိင်ဝိသေသ လက္ခဏာရပ်များ (SOGIE) အရ ကွဲပြားသည့်သူများအားလုံးကို လွှမ်းခြုံဖော်ပြသည့် အတိုကောက် စကားလုံးဖြစ်သည်။[2]

[2] https://myanmar.unfpa.org/sites/default/files/pub-pdf/glossary_of_lgbtqia.pdf

## အခန်း (၂)

## အခြေခံမူများ

### လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအခြေခံမူ

၂၁။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင် လူသားချင်းစာနာမှု၊ ဘက်မလိုက်မှု၊ သမာသမတ်ကျမှု၊ စည်းလုံးညီညွတ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အားလုံးအကျုံးဝင်နိုင်မှုနှင့် ရပိုင်ခွင့် အခွင့်အရေးများဟူသော အဓိကအခြေခံမူများကို လိုက်နာကျင့်သုံးရမည်။

၂၂။ လူသားချင်းစာနာမှုအကူအညီပေးရာတွင် လူသားတို့၏ဆင်းရဲဒုက္ခလျော့ချခြင်း၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားလေးစားမှုရှိအောင်ဆောင်ရွက်ရမည်။

၂၃။ လူသားချင်းစာနာမှုအကူအညီပေးရာတွင် ဒေသခံပြည်သူများ၏ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်ယုံကြည်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံတန်ဖိုးများကို တန်ဖိုးထားလေးစားလိုက်နာမှု ရှိရမည်။

၂၄။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအစီအစဉ်များနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်သည့် ဌာနများ၊ အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများသည် မိမိတို့၏လုပ်ငန်းစီမံကိန်းများကြောင့် ပေါ်ပေါက်လာနိုင်ချေရှိသည့် ရေတို ရေရှည် ဆိုးကျိုးများကို ရှောင်ရှားသည့်အနေဖြင့် ထိခိုက်ခြင်းမရှိစေရ (Do no Harm) အခြေခံမူကို လိုက်နာကျင့်သုံးရမည်။

### ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု

၂၅။ ပုံမှန်ဆက်သွယ်ဆောင်ရွက်မှု၊ ဝေဖန်အကြံပြုရေးယန္တရားများ၊ တိုင်ကြားရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ အကျိုးခံစားသူများမှ သတင်းအချက်အလက်လက်ခံရှိမှုနှင့် ၎င်းတို့၏ သဘောဆန္ဒများပါဝင်မှုရှိအောင် ဆောင်ရွက်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် ဌာန၊ အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများသည် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို အာမခံရမည်။

## ကြိုတင်ကာကွယ်တားဆီးခြင်း

၂၆။ ထိခိုက်ခံစားရသူများအား ခေါင်းပုံဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့်အလွဲသုံးစားမှု (PSEA) နှင့် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် လူသားချင်းစာနာမှုအကူအညီပေးသည့်လုပ်သားများနှင့်ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များကို ချမှတ်ပြီး တိုင်ကြားရေးယန္တရားများကို စနစ်တကျ ဆောင်ရွက်ထားရမည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း

၂၇။ ရေရှည်ဖြေရှင်းဆောင်ရွက်မှုနှင့် ဌာနေပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုကို အားပေးမြှင့်တင်နိုင်ရန် အတတ်ပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများမှလည်းကောင်း ဒေသန္တရအုပ်ချုပ်ရေးယန္တရားများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဌာနေပြည်သူများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရမည်။

## ပူးပေါင်းဆောင်ရွက်မှု

၂၈။ ကရင်နီပြည်သူလူထု၏ ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းရည်အားကောင်းရေး (Sustainable Empowerment) ကို ရှေးရှုသည့်အနေဖြင့် ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်မှုနှင့် ပူးပေါင်းပါဝင်မှုကို အလေးထားအားပေးသည့်ယန္တရားများကို ချမှတ်အကောင်အထည် ဖော်ရမည်။

၂၉။ လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုအသုံးပြု၍ နိုင်ငံရေးတင်းမာမှုများ၊ လူမှုရေးပဋိပက္ခများနှင့် ဘာသာရေးပဋိပက္ခများ ဖြစ်ပေါ်လာစေရန် အားပေးလှုံ့ဆော်ခြင်း မရှိစေရေး အတွက် အလေးထားဆောင်ရွက်ရမည်။

## အားလုံးပါဝင်မှုနှင့် ဂျန်ဒါတန်းတူမှု

၃၀။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအစီအစဉ်များ စတင်ဒီဇိုင်းရေးဆွဲခြင်းမှစ၍ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့်ဆန်းစစ်အကဲဖြတ်ခြင်း စသည့်အဆင့်အားလုံးတွင် အမျိုးသမီးခေါင်းဆောင်မှု၊ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ဖယ်ကျဉ်ခံအုပ်စုများ၏ အဓိပ္ပါယ်ပြည့်ဝသောပူးပေါင်းပါဝင်မှုများရှိအောင် အခိုင်အမာဆောင်ရွက်ရမည်။

၃၁။ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ဆက်စပ်အစီအစဥ်များသည် ဂျန်ဒါခွဲခြမ်းစိတ်ဖြာခြင်း (Gender disaggregation) မှတဆင့် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ LGBTQI+ နှင့် လူနည်းစုများအပါအဝင် ထိခိုက်လွယ်ပြီးဖယ်ကျဉ်ခံထားရသော အုပ်စုများအား အချက်အလက်သီးခြားခွဲခြားစုဆောင်းခြင်း (data disaggregation) ပြုလုပ်ရမည်။ ထို့နောက် ၎င်းတို့၏ တက်ကြွသောပါဝင်ဆောင်ရွက်မှုတို့မှတဆင့် လိုအပ်ချက်များပြည့်မီစေရန် မတူညီသောအုပ်စုများ၏ လိုအပ်ချက်များ၊ ကိုယ်ပိုင်ဖြေရှင်းနည်းများကို တိတိကျကျဖော်ထုတ်ပြီး ဦးတည်အုပ်စုများအတွက် သင့်တော်သည့်လုပ်ငန်းစဥ်များကို ထိထိရောက်ရောက်ရေးဆွဲလုပ်ဆောင်ရမည်။

၃၂။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ဆက်စပ်အစီအစဥ်များနှင့်လုပ်ငန်းများကို အကောင်အထည်ဖော်သည့် မည်သည့်အဖွဲ့အစည်းနှင့် တစ်သီးပုဂ္ဂလမဆို ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

အခန်း (၄)

## လမ်းညွှန်မူဝါဒများ

### ဘေးအန္တရာယ်ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း

၃၃။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၊ ဒေသအတွင်းရှိ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဘေးအန္တရာယ်ဖော်ထုတ်အကဲဖြတ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန် လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးရမည်။

၃၄။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစီအစဥ်များနှင့် လုပ်ငန်းအစီအစဥ်များကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများသည် ပဋိပက္ခဆန်းစစ်မှုနှင့် ဒေသန္တရအခြေအနေဆန်းစစ်မှုတို့ကို ပုံမှန်လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထုအပေါ် သက်ရောက်နိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်ဖော်ထုတ်၍ ဖြေရှင်းလျော့ချသည့် နည်းလမ်းများကို စီမံဖော်ထုတ်ထားရမည်။

## ကြိုတင်သတိပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

၃၅။ ပိုမိုတိကျသည့် ဘေးအန္တရာယ်တိုင်းတာမှုနှင့် ကြိုတင်သတိပေးမှုများကို စီမံဖော်ဆောင်ရာတွင် ဌာနေပြည်သူများ၏ဗဟုသုတများနှင့် အသိပညာများကို ထည့်သွင်းစဉ်းစားရမည်။

၃၆။ ဖြစ်လာနိုင်ချေရှိသည့် ဘေးအန္တရာယ်များ ပဋိပက္ခများ၊ ရောဂါကပ်ဘေးများအပါအဝင် လူလုပ်ကပ်ဘေးနှင့် သဘာဝကပ်ဘေးများကို ကြိုတင်ခန့်မှန်းနိုင်မှုနှင့် စောင့်ကြည့်လေ့လာနိုင်မှုတို့ကို အားကောင်းစွာဆောင်ရွက်နိုင်ရန် ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တိုင်းတွင် ကြိုတင်သတိပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစနစ်များကို ချမှတ်ထားရမည်။

## တားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်း

၃၇။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဖြစ်နိုင်ခြေရှိသောစစ်ဘေးပဋိပက္ခအပါအဝင်၊ လူလုပ်ကပ်ဘေးနှင့် သဘာဝကပ်ဘေးများကိုကြိုတင်ကာကွယ်နိုင်စေရန်နှင့် ပြည်သူလူထု၏ဘေးဒဏ် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကို အားကောင်းစေသည့် လူမှုရေးဆိုင်ရာအကာအကွယ်ပေးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၃၈။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသအတွင်းသက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုဖြင့် စစ်ဘေးပဋိပက္ခအပါအဝင်၊ လူလုပ်ကပ်ဘေးနှင့် သဘာဝကပ်ဘေးအမျိုးမျိုးကြောင့် ဆုံးရှုံးနိုင်ချေမှုများကိုလျော့ချရန်အတွက် အောက်ဖော်ပြပါအချက်များပါဝင်သော မဟာဗျူဟာနှင့် အရေးပေါ်အစီအမံများကို ရေးသားချမှတ်အကောင်အထည်ဖော်ရမည်-

(က) အရေးပေါ် လိုအပ်သော ရံပုံငွေများ နှင့် အရင်းအမြစ်များကို ဖော်ထုတ်ထားရှိခြင်း၊

(ခ) အခြားသောပြည်နယ်များ၊ ဖက်ဒရယ်ယူနစ်များနှင့်ချိတ်ဆက်၍ ပူးတွဲဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားခြင်း၊

(ဂ) တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုတွင် ပါဝင်သူများအတွက် နည်းပညာဆိုင်ရာနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို စီမံဆောင်ရွက်ခြင်း။

(ဃ) လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအလွဲသုံးစားမှုမှ အကာအကွယ်ပေးသည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍများတွင် ထည့်သွင်းချမှတ်ထားခြင်း။

## တုံ့ပြန်မှုနှင့် ကူညီကယ်ဆယ်ခြင်း

၃၉။ အရေးပေါ်အခြေအနေဖြစ်ပွားလျှင် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ အရေးပေါ်အခြေအနေအဖြစ်ကြေညာပြီး (၄၈) နာရီအတွင်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည်။

၄၀။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် တုံ့ပြန်မှုနှင့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များပါဝင်သော ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရန် အတွက် လိုအပ်ပါက ဦးဆောင်ညှိနှိုင်းလမ်းညွှန်မှုပေးရမည်။

၄၁။ ကူညီထောက်ပံ့မှုများထိရောက်စွာအသုံးပြုနိုင်ရေး၊ အမှန်တကယ်လိုအပ်သူများထံသို့ ရောက်ရှိရေးအတွက် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေး၏ဌာနဆိုင်ရာများ၊ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးသည့် အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလ များနှင့် ရပ်ရွာလူထုများအတူတကွစီမံခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရမည်။

၄၂။ အလှူရှင်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများသည် တုံ့ပြန်ခြင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်ရေး၊ ပြည်သူလူထုဘေးကင်းလုံခြုံရေးကို ဦးစား ပေးသည့်အနေဖြင့် နဂိုရှိရင်းစွဲကွန်ရက်များ၊ နယ်စပ်အခြေပြုအဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၏ ဗဟုသုတ၊ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များကို အခြေခံ၍ ဌာနေပြည်သူ လူထုမှ ဦးဆောင်နိုင်သော ဘေးကင်းလုံခြုံထိရောက်သည့် ကူညီထောက်ပံ့မှုများဖြစ်စေရန် လိုက်နာ ဆောင်ရွက်ရမည်။

၄၃။ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် လိုအပ်ချက်အကြီးမားဆုံးရှိသော ပြည်သူများနှင့်နေရာများသို့ နယ်စပ်ဖြတ်ကျော်အကူအညီများရောက်ရှိနိုင်ရေး ဦးစားပေးဆောင် ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ထိရောက်မှုနှင့်ဘေးကင်းလုံခြုံမှုရှိစေရန် ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာပြီး တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနေရပ်ရွာလူထုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့ အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၄၄။ တုံ့ပြန်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသန္တရအကျိုးစီးပွားကို အထောက်အကူပြုစေရန်အတွက် အသုံးပြုမည့်အရင်းအမြစ်များကို ဒေသတွင်းဦးစားပေး ရှာဖွေ အသုံးပြုရမည်။

၄၅။ အရေးပေါ်ကာလအတွင်း ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်အနာတရဖြစ်မှုများကြောင့် စိတ်ပိုင်း ဆိုင်ရာ ထိခိုက်ခံစားမှုများကို ကုစားနိုင်ရန်အတွက် လူမှုရေးဆိုင်ရာအပါအဝင် စိတ်ကျန်းမာရေးဆိုင် ရာ အထောက်အကူပြုအစီအစဉ်များနှင့် ဝန်ဆောင်မှုများကို ချမှတ်အကောင်အထည်ဖော်ရမည်။

၄၆။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ်များနှင့် လုပ်ငန်းအစီ အစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများ အားလုံးသည် လူလုပ်ကပ်ဘေးနှင့် သဘာဝကပ်ဘေးကြောင့် ထိခိုက်ခံစားရသူများ၏ လူ့အခွင့်အရေးနှင့်လူ့ဂုဏ် သိက္ခာကို အကာအကွယ်ပေးရမည်။

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး

၄၇။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆောင်ရွက်သည့် အဖွဲ့အစည်းများသည် ပြန်လည်ထူထောင်ရေးနှင့် ပြည်လည်နေရာချထားရေးဆောင်ရွက်ရာတွင် ပြည်တွင်းဌာနေလက် လွတ်သူများနှင့် ထိခိုက်လွယ်အုပ်စုများအပေါ် အတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်း၊ ခွဲခြားဆက်ဆံ ခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ အကာအကွယ်ပေးရမည်။

၄၈။ ပဋိပက္ခအလွန်ကာလများတွင် ပြည်တွင်းဌာနေလက်လွတ်သူများ မိမိဆန္ဒအလျောက်နေရပ် ပြန်နိုင်ရေးနှင့် ဘေးကင်းလုံခြုံစွာ ပြန်လည်အခြေချနိုင်ရေးအတွက် ရေရှည်တည်တံ့သော ဖြေရှင်း ဆောင်ရွက်မှုများပါဝင်သည့်အစီအမံများကိုချမှတ်ရေးဆွဲနိုင်ရန် ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၉။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း များ ဆောင်ရွက်သောအဖွဲ့အစည်းများသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရပ်ရွာ လူထု၏ကြံ့ကြံ့ခံနိုင်မှုတို့ကို အားကောင်းစေသည့် အစီအမံများချမှတ် အကောင်အထည်ဖော်ရမည်။

## အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း

၅၀။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအစီအစဉ်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျား/မ လိင်စိတ်ခံယူမှု၊ အသားအရောင်၊ အဆင့်အတန်း၊ ရိုးရာယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းများ၊ လူနည်းစုနှင့်ဖယ်ကျဉ်ခံအုပ်စုများ အပေါ်အခြေမခံဘဲ အကူအညီတန်းတူရရှိရေးအတွက် အားလုံးပူးပေါင်းပါဝင်မှုကို အခိုင်အမာ ဆောင်ရွက်ရမည်။

၅၁။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် မသန်စွမ်းသူများအတွက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အထူးလုပ်ငန်းစီမံချက်အနေဖြင့် စီမံဆောင်ရွက်ရမည်။

၅၂။ လူသားချင်းစာနာထောက်ထားမှုအကူအညီလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးနှင့်လူငယ်များ၏ ပူးပေါင်းပါဝင်မှုကို အထူးစီမံချက်များဆောင်ရွက်ပေးရမည်။

၅၃။ ဂျန်ဒါတန်းတူညီမျှမှုနှင့် အများပါဝင်မှုကိုမြင့်တင်သည့်အနေဖြင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ဖယ်ကျဉ်ခံအုပ်စုများ၏ သီးသန့်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အထူးစီမံချက်များ ရေးဆွဲရမည်။

၅၄။ အလှူရှင်များ၊ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများသည် ဒေသနှင့်လိုက်လျောညီထွေမှုရှိသော အထောက်အပံ့ကူညီမှုများနှင့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅၅။ အလှူရှင်အဖွဲ့အစည်းများသည် အကူအညီထောက်ပံ့ပေးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဌာနဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများအား ရံပုံငွေတိုက်ရိုက်ထောက်ပံ့ခြင်း သို့မဟုတ် ဦးစားပေးထောက်ပံ့ခြင်းနည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်ရမည်။

၅၆။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်သည့် မည်သည့်တစ်သီးပုဂ္ဂလ၊ ဌာနနှင့်အဖွဲ့အစည်းများမဆို ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များသည် ပြည်သူလူထုကို တာဝန်ယူမှုတာဝန်ခံမှုရှိရမည်။

## ပြည်နယ်ပြင်ပနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဘေးအန္တရာယ်များကိုစီမံခန့်ခွဲရာတွင် ကရင်နီပြည်၏ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းထက်ကျော်လွန်သည့်အခြေအနေသို့ရောက်သောအခါ ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းမှုများပြုလုပ်ပြီး ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ အခြားဖက်ဒရယ်ယူနစ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၅၈။ ကရင်နီပြည်အတွင်း ဖြစ်ပေါ်လျက်ရှိသော ဘေးအန္တရာယ်များစီမံခန့်ခွဲရာတွင် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် လိုအပ်ပါက ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ အခြားဖက်ဒရယ်ယူနစ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နိုင်သည်။

၅၉။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့်အဖွဲ့တိုင်းသည် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုလုပ်မှုတို့မှ ကာကွယ်ခြင်း (PSHEA) ဆိုင်ရာ ခိုင်မာသည့် ယန္တရားကိုရေးဆွဲပြဋ္ဌာန်းပြီး လိုက်နာကျင့်သုံးရမည်။

၆၀။ ကရင်နီပြည်တွင်းရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တင်းမာမှုများပိုမိုမကြီးထွားအောင် သို့မဟုတ် အကျိုးခံစားသူများ၏ လုံခြုံရေးကို မထိခိုက်စေရန် ပဋိပက္ခအခင်းအကျင်းတစ်ခုချင်းစီ၏ ထိရှလွယ်မှုအပေါ် သတိမူ၍တုန့်ပြန် ဆောင်ရွက်ရမည်။

## သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့်လုံခြုံမှု

၆၁။ အလှူရှင်အဖွဲ့အစည်းများသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဌာနေပြည်သူလူထု၏ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို လုံခြုံစွာသိမ်းဆည်းရမည်။

၆၂။ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အလှူရှင်အဖွဲ့အစည်းများသည် ပြည်တွင်းဌာနေ လက်လွတ်သူများ၊ ဌာနေရပ်ရွာလူထုများ၏ သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နယ်မြေလုံခြုံရေးကိုမထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

၆၃။ ပြည်တွင်းဌာနေလက်လွတ်သူများနှင့် ဒေသနေလူထုများအားထိခိုက်စေသော သတင်းမှား များ၊ လုပ်ကြံသတင်းများ၊ အမုန်းစကားများနှင့် ကောလဟာလများအား အလှူရှင်နှင့် ဒေသအတွင်းရှိ အဖွဲ့အစည်းများပူးပေါင်း၍ စီမံခန့်ခွဲနိုင်သည့်နည်းလမ်းများကို ဖော်ထုတ်ရမည်။

၆၄။ အလှူရှင်အဖွဲ့အစည်းများအားလုံးသည် ထိခိုက်နစ်နာသူများ၏ သတင်းအချက်အလက်များ ထုတ်ပြန်ရာတွင် ၎င်းတို့၏လုံခြုံရေးနှင့် ဂုဏ်သိက္ခာအတွက် တာဝန်ခံရမည်။

## ထွက်ခွာဗျူဟာ ( Exist strategy)

၆၅။ လူသားချင်းစာနာမှုအကူအညီပေးနေသော အဖွဲ့အစည်းအားလုံးသည် ထွက်ခွာဗျူဟာ တစ်ခုရေးဆွဲကာ ဒေသခံများကိုယ်ပိုင်ဦးဆောင်နိုင်စွမ်းနှင့် ရေရှည်ရပ်တည်နိုင်စွမ်းရှိသည့် အခြေ အနေများသို့ ရောက်ရှိနိုင်စေရေးအတွက် စီမံဆောင်ရွက်ရမည်။

# အခန်း (၄)

# ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ

၆၆။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒ၏ ရည်ရွယ်ချက်များနှင့် ပန်းတိုင်များအပေါ်အခြေခံသော ဘဏ္ဍာရေးအစီအမံတစ်ရပ်ကို ရေးဆွဲအကောင်အထည် ဖော်ရမည်။

၆၇။ ဘဏ္ဍာရေးအစီအမံသည် ဂျန်ဒါရှုထောင့်မှထည့်သွင်းစဉ်းစားထားသော ကုန်ကျစရိတ်နှင့် ရသုံးမှန်းခြေတွက်ချက်မှုများပါဝင်သည့် အစီအမံတစ်ရပ်ဖြစ်ရမည်။

၆၈။ လူသားချင်းစာနာထောက်ထားမှုရန်ပုံငွေများရယူရာတွင် ဌာနေလူထုများ၏ အခြေခံလိုအပ် ချက်များ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကိုထိခိုက်ခြင်းမရှိသော အရင်းအမြစ်များထံမှသာ ရန်ပုံငွေရယူရမည်။

၆၉။ အကူအညီပေးနေသော ဒေသအတွင်းရှိအဖွဲ့အစည်းများသည် အပိုဒ် ၆၂ ပါအချက်များနှင့် ကိုက်ညီသောအရင်းအမြစ်များ လက်ခံရရှိနိုင်ရေးအတွက် သင့်လျော်သောအလှူရှင်အဖွဲ့ အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

၇၀။ လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် ဒေသအတွင်းရှိအဖွဲ့အစည်းတို့၏ စွမ်းဆောင်ရည်အားကောင်းစေရေး၊ နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးမြှင့်မားရေး အတွက် ရေရှည်တည်တံ့သော ပံ့ပိုးကူညီမှုအစီအစဉ်များ ထည့်သွင်းအကောင် အထည်ဖော်ရမည်။

၇၁။ ဌာနေလူထုများ၏ အရေးပေါ်လိုအပ်များကို ဖြည့်ဆည်းနိုင်ရန်အတွက် အလှူရှင်နှင့် မြေပြင် အကောင်အထည်ဖော်ဆောင်ရွက်နေသောအဖွဲ့အစည်းများသည် အရေးပေါ်ဘဏ္ဍာငွေထားရှိနိုင်ရန် အတွက် စီမံဆောင်ရွက်ထားရမည်။

## အခန်း (၅)

## အထွေထွေပြဋ္ဌာန်းချက်

၇၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ဤလူသားချင်းစာနာထောက်ထားမှု မူဝါဒကို ရေးဆွဲ အတည်ပြုပြီး ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို ဦးဆောင်ရမည်။

၇၃။ ကရင်နီပြည်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှုအကူညီများ ဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများသည် ဤမူဝါဒကိုအတည်ပြုပြီးသည့် နေ့ရက်မှစ၍ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

၇၄။ ဤမူဝါဒအကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာနိုင်ရန် လွတ်လပ်သည့် လူသားချင်း စာနာထောက်ထားမှုအကူအညီ စောင့်ကြည့်အကဲဖြတ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်း ရမည်-

(က) လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊
(ခ) ဂျန်ဒါအရေးကျွမ်းကျင်သူများ၊
(ဂ) လူသားချင်းစာနာမှုအရေး ကျွမ်းကျင်သူများ၊
(ဃ) လူငယ်နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊
(င) ရပ်ရွာလူထုကိုယ်စားလှယ်များ (လူနည်းစုတိုင်းရင်းသားလူမျိုးစုများ အပါအဝင်)၊
(စ) အကြောင်းအရာအထူးပြုကျွမ်းကျင်ပုဂ္ဂိုလ်များ၊ (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်)။

၇၅။ လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုများ၊ ထိရောက်မှုများကိုဆန်းစစ်ရန်နှင့် ပိုမိုကောင်းမွန်စေရန်အတွက် စောင့်ကြည့်ဆန်းစစ်အကဲဖြတ်ရေးစနစ်တစ်ခုကို ဌာနေပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီမံထားရှိရမည်။

၇၆။ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ဆက်စပ်သည့်ကိစ္စရပ်များကို လူထုမှ တိုင်ကြားနိုင်မည့် ယန္တရားတစ်ခုတည်ဆောက်ရမည်။

၇၇။ ဤမူဝါဒ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် သက်ဆိုင်ရာအစုအဖွဲ့များသည် မူဝါဒ ပြင်ဆင်ရေး အဆိုပြုချက်များပေးနိုင်သည်။

၇၈။ အဆိုပြုထားသောပြင်ဆင်ချက်များကို ကရင်နီပြည်လူသားချင်းစာနာထောက်ထားမှု အကူအညီစောင့်ကြည့်အကဲဖြတ်ရေးအဖွဲ့မှ ပြန်လည်သုံးသပ်မှု ပြုလုပ်ပေးရမည်။ ထိုသို့ ပြန်လည်သုံးသပ်ချက်များကို ကရင်နီပြည်အတိုင်ပင်ခံကောင်စီသို့တင်သွင်းရမည်။

၇၉။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) သည် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ဤမူဝါဒနှင့်အညီအကောင်အထည်ဖော်ရမည်။

၈၀။ ကရင်နီပြည်ကြားကာလလွှတ်တော် (KSIP)သည် ဤလူသားချင်းစာနာထောက်ထားမှု မူဝါဒကိုအခြေခံ၍ လိုအပ်သည့် ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၈၁။ ဖက်ဒရယ်ဆိုင်ရာတာဝန်ခွဲဝေမှုများနှင့်ပတ်သက်ပြီး ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ပြန်လည်မွမ်းမံပြင်ဆင်နိုင်သည်။

# နိဂုံး

ကရင်နီပြည်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးမူဝါဒသည် အမျိုးမျိုးသောဘေးအန္တရာယ်များကြောင့် အကူအညီလိုအပ်နေသူများအား ထောက်ပံ့ကူညီရေးနှင့် ကယ်ဆယ်ရေးအစီအစဉ်များကို လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ၊ စာနာမှုနှင့် ယဉ်ကျေးမှုတန်ဖိုးများကို လေးစားသည့်နည်းလမ်းဖြင့် အထူးအလေးထားဆောင်ရွက်ပါသည်။ ဤမူဝါဒသည် ပြည်တွင်းဌာနေလက်လွတ်သူများနှင့် ဒုက္ခသည်များကဲ့သို့ အမျိုးမျိုးသောအသုံးအနှုန်းများကိုသတ်မှတ်ပေးပြီး တရားမျှတမှု၊ ယဉ်ကျေးမှုထိန်းသိမ်းမှု၊ ရေရှည်တည်တံ့မှု၊ ဒေသဆိုင်ရာခေါင်းဆောင်မှုနှင့် တာဝန်ခံမှုတို့ကို ဦးစားပေးသည့်လမ်းညွှန်မှုများကို ချမှတ်ထားသည်။ ထို့အပြင် ဒေသဆိုင်ရာအသွင်ကူးပြောင်းမှု၊ အားလုံးပါဝင်မှု၊ လက်တွေ့ကျမှု၊ ပွင့်လင်းမြင်သာမှု၊ ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် ရံပုံငွေရှာဖွေစုဆောင်းရေးဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း အလေးပေးဖော်ပြထားသည်။ ဤ အခြေခံမှုများနှင့် ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်းဖြင့် ကရင်နီပြည်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာပြဿနာများကို ထိထိရောက်ရောက်ဖြေရှင်းရန်နှင့် တိုင်းရင်းသားအသိုက်အဝန်းများမျှော်လင့်ထားသည့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလုပ်ငန်းစဉ်တိုးတက်မှုကို ပံ့ပိုးပေးရန်ရည်ရွယ်ပြီး၊ ပြည်သူများ၏ သုခနှင့်လုံခြုံရေးကို မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ
ကရင်နီပြည်အတိုင်ပင်ခံကောင်စီ